# မြန်မာဗျည်းအက္ခရာ





# မြန်မာဗျည်းအက္ခရာ



Burmese Alphabet

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

WEAVE (Chiang Mai)
P.O Box 58
Chiang Mai University
Chiang Mai 50202
Thailand

htoo@loxinfo.co.th

ISBN - 974-91087-9-5

March 2003

| | | |
|---|---|---|
| # က |  ကလေး |  ကြောင် |
| # ခ |  ခဲတံ |  ခရားအိုး |

| | | |
|---|---|---|
| ဂ |  ဂဏန်း |  ဂစ်တာ |
| င |  ငါး |  ငှက် |
| စ |  စပါး |  စာဖတ် |
| ဆ |  ဆင် |  ဆိတ် |

| | | |
|---|---|---|
| ဇ |  ဇီးကွက် |  ဇလုံ |
| ဈ |  ဈေးသည် |  ဈေးဆိုင် |
| ည |  ညအခါ |  ညီမလေး |
| တ |  တူ |  တယော |

| | | |
|---|---|---|
| ထ |  ထီး |  ထွန်ခြစ် |
| ဒ |  ဒရယ် |  ဒူးလေး |
| ဓ |  ဓါး |  ဓါးခုတ်ကောင် |
| န |  နွား |  နား |

| | | |
|---|---|---|
| ပ |  ပန်းသီး |  ပုရွက်ဆိတ် |
| ဖ |  ဖရဲသီး |  ဖယောင်းတိုင် |
| ဗ |  ဗုံ |  ဗုံလုံသီး |
| ဘ |  ဘဲဥ |  ဘောင်းဘီ |

| | | |
|---|---|---|
| မ |  မြင်း |  မျက်စိ |
| ယ |  ယုန် |  ယပ်တောင် |
| ရ |  ရေပုံး |  ရေချိုး |
| လ |  လိပ်ပြာ |  လွှ |

| | | |
|---|---|---|
| ဝ |  ဝါး |  ဝက် |
| သ |  သကြားလုံး |  သစ်ရွက် |
| ဟ |  ဟ ဟား |  ဟင်းရွက် |
| အ |  အလံ |  အိုးစည် |

# မြန်မာဗျည်းအက္ခရာ

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

# မြန်မာဗျည်းအက္ခရာရေးဆွဲနည်းနှင့်ဗျည်းအမည်များ

| | | | | |
|---|---|---|---|---|
| က (ကကြီး) | ခ (ခခွေး) | ဂ (ဂငယ်) | ဃ (ဃကြီး) | င (င) |
| စ (စလုံး) | ဆ (ဆလိမ်) | ဇ (ဇကွဲ) | ဈ (ဈမျဉ်းဆွဲ) | ည (ည) |
| ဋ (ဋသန်လျင်းချိတ်) | ဌ (ဌဝမ်းဘဲ) | ဍ (ဍရင်ကောက်) | ဎ (ဎရေမှုတ်) | ဏ (ဏကြီး) |
| တ (တဝမ်းပူ) | ထ (ထဆင်ထူး) | ဒ (ဒဒွေး) | ဓ (ဓအောက်ခြိုက်) | န (နငယ်) |
| ပ (ပစောက်) | ဖ (ဖဦးထုပ်) | ဗ (ဗထက်ခြိုက်) | ဘ (ဘကုန်း) | မ (မ) |
| ယ (ယပက်လက်) | ရ (ရကောက်) | လ (လ) | ဝ (ဝ) | သ (သ) |
| | ဟ (ဟ) | ဠ (ဠကြီး) | အ (အ) | |

က – အ အထိစာလုံးတွေကိုကလေးတို့မှတ်မိကြရဲ့လား။
ပျောက်သွားတဲ့စာလုံးတွေကိုပြန်ဖြည့်ပေးပါနော်–––



| | | | | | |
|---|---|---|---|---|---|
| | | က |  | ဂ | ဃ |
| | စ |  | ဇ | ဈ | |
| ဋ | ဌ | ဍ | ဎ | ဏ |  |

| | | | | | |
|---|---|---|---|---|---|
| ထ | | ဓ |  |  | |
| ပ |  | ယ | | ရ |  |
| | သ | | ဋ |  | |

ပေးထားသောရုပ်ပုံထဲရှိစာလုံးနှင့်တူသောစာလုံးကိုရှာပါ။



ကလေးများအားရုပ်ပုံထဲရှိအသီးကိုပြပြီးယင်း၏အမည်ကိုပြောပြစေပါ။ ထို့နောက်မည်သည့်စာလုံးနှင့်စသည်ကိုပြောစေပါ။



သ င ဖ



က မ ပ



န အ ဒ

ကလေးများအားရုပ်ပုံထဲရှိအသီးကိုပြပြီးယင်း၏အမည်ကိုပြောပြစေပါ။ ထို့နောက်မည်သည့်စာလုံးနှင့်စသည်ကိုပြောစေပါ။



ကလေးများအားရုပ်ပုံထဲရှိတိရစ္ဆာန်တို့ကိုပြပြီးယင်းတို့၏အမည်ကိုပြောပြစေပါ။ ထိုနောက်မည်သည့်စာလုံးနှင့်စသည်ကိုပြောစေပါ။

| | | | |
|---|---|---|---|
|  | ဇ |  | မ |
|  | မ |  | ဝ |
|  | က |  | က |
|  | င |  | ခ |

ကလေးများအားရုပ်ပုံထဲရှိတိရစ္ဆာန်နှင့်သစ်သီးပုံတို့ကိုပြပြီးယင်းတို့၏အမည်ကိုပြောပြစေပါ။ ထို့နောက်မည်သည့်စာလုံးနှင့်စသည်ကိုပြောစေပါ။

| | | | |
|---|---|---|---|
|  | က |  | က |
|  | ယ |  | လ |
|  | ဘ |  | စ |
|  | လ |  | ပ |
|  | ခ |  | မ |


၁
၃
၅
၇
၉


၂
၄
၆
၈
၁၀



အိမ်လမ်းရွာကျောင်း၊ သန့်ရှင်းကြောင်း
စုပေါင်းအမှိုက်သိမ်း



မောင်တို့မယ်တို့ကျောင်းခန်းဝင်
အပြုံးပန်းကိုဆင်
မင်္ဂလာပါဆရာမ
ညီညီညာညာနှုတ်ဆက်ကြ



# ရွတ်ဆိုရန်



**ကျန်းမာသန့်ရှင်းရောဂါကင်း**

မျက်နှာသစ်ကာ၊ သွားတိုက်ပါ
ခြေရောလက်ပါ၊ ဆေးကြောပါ
ကျန်းမာသန့်ရှင်းရောဂါကင်း။



စားပြီးတိုင်းပါ၊ ပလုတ်ကျင်းပါ
အိပ်ရာဝင်မှာ၊ သွားတိုက်ပါ
ကျန်းမာသန့်ရှင်းရောဂါကင်း။



မစားခင်မှာ၊ လက်ဆေးပါ
အိမ်သာထွက်လာ၊ လက်ဆေးပါ
ကျန်းမာသန့်ရှင်းရောဂါကင်း။





နေ့စဉ်မှန်စွာ၊ ရေချိုးပါ
ခေါင်းကိုမှန်စွာ၊ ဖြီးကြပါ
ကျန်းမာသန့်ရှင်းရောဂါကင်း။

ချောင်းဆိုးသောခါ၊ ပဝါကာ
နှာချေသောခါ၊ ပဝါကာ
ကျန်းမာသန့်ရှင်းရောဂါကင်း။



လက်သည်းရှည်လာ၊
ညှပ်လိုက်ပါ
ခြေသည်းရှည်လာ၊ ညှပ်လိုက်ပါ
ကျန်းမာသန့်ရှင်းရောဂါကင်း



ဖိနပ်စီးပါ၊ သွားလေရာ
ဝတ်ဆင်ရာမှာ၊ သန့်ပြန့်ပါ
ကျန်းမာသန့်ရှင်းရောဂါကင်း။



# ဆရာများသတိပြုရန်အမှာစာ

ကလေးများမြန်မာဘာသာစကားတတ်မြောက်စေရန်နှင့်ဘက်စုံဖွံ့ဖြိုးစေရန်ဟူသောအဓိကရည်ရွက်ချက်နှစ်ရပ်ထားရှိသည်။

## ၁။ ဘာသာစကားတတ်မြောက်ရေး

အခြေခံကျွမ်းကျင်မှုလုပ်ငန်းလေးရပ်ဖြစ်သောအနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသားကျွမ်းကျင်မှုရှိအောင်အဆင့်ဆင့်သင်ကြားရာတွင်အောက်ပါတို့ကိုသတိပြုရန်ဖြစ်သည်။

ဗျည်းများ။ ။ က မှ အ အထိဗျည်း (၃၃) လုံး၏အသံထွက်ကိုသာမက အက္ခရာတို့၏အမည်များကိုလည်းမှန်ကန်စွာမှတ်မိရွတ်ဆိုနိုင်အောင်သင်ကြားပေးရန်–

အဖတ်အရွတ်။ ။ စကားသံများကိုပီပီသသရွတ်ဆိုတတ်ဖို့သင်ကြားလေ့ကျင့်ပေးရန် –

အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်။ ။ ကလေးများအနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်အလေ့အကျင့်ရစေရန်ဆရာကပုံပြောခြင်း၊ ကလေးများကိုပုံပြောစေခြင်း၊ အသံထွက်၍စာဖတ်ခြင်း၊ ကဗျာရွတ်ပြိုင်ခြင်းစသည်များပြုလုပ်ရန်–

အရေးအသား။ ။ အက္ခရာများရေးဆွဲပုံထည့်သွင်းထားရာယင်းအတိုင်းစနစ်တကျလေ့ကျင့်ပေးရန်လက်ရေးလှစေရန်နှင့်စာလုံးပေါင်းသတ်ပုံမှန်ကန်စေရန်ကိုလည်းယခုအဆင့်မှစ၍အခြေခံချပေးရန်။

## ၂။ ဘက်စုံဖွံ့ဖြိုးရေးနှင့်ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရေး

ကလေးငယ်များ၏စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးအောင် (တစ်နည်း) ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးသက်စုံပညာရေးဖွံ့ဖြိုးအောင်ပျိုးထောင်ရာတွင်အောက်ပါတို့ကိုသင်ခန်းစာအလိုက်နှီးနှော၍သင်ကြားပေးကြရန်ဖြစ်သည်။

(က) စိတ်ဓါတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တမြင့်မားရေး၊ စိတ်ထားမွန်မြတ်ရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး၊ ရိုးရာယဉ်ကျေးမှုမြတ်နိုးထိန်းသိမ်းရေး၊ မိဘဆရာရိုသေလေးစားရေး၊ စည်းကမ်းရိုသေလိုက်နာရေး၊ အချင်းချင်းသင့်မြတ်ချစ်ကြည်စွာရိုင်းပင်းကူညီဆက်ဆံရေး၊

(ခ) ကျန်းမာရေး။ ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစာအဟာရတန်ဖိုးသိနားလည်ရေး၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများရရှိရေး၊ အနာရောဂါကြိုတင်ကာကွယ်ရေး၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့်အားကစား၊

(ဂ) ပတ်ဝန်းကျင်။ ။ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြေရေး၊ သဘာဝအရင်းအမြစ်များမပြုန်းတီးစေရေး၊

(ဃ) အနုပညာ။ ။ ရသခံစားတတ်ရေးတို့ဖြစ်သည်။

၃။ အထက်ပါအပိုဒ် (၁) နှင့် (၂) ပါအကြောင်းအရာများကိုကလေးတို့၏ဉာဏ်ရည်၊ အသက်အရွယ်နှင့်လိုက်လျောညီထွေတ်စွာသင်ကြားနိုင်ရန်လည်းကောင်း၊ ငြီးငွေ့မှုမဖြစ်စေဘဲပျော်ရွှင်စွာသင်ကြားနိုင်ကြစေရန်လည်းကောင်း၊ ဖတ်စာများ၊ ကဗျာများတွင်ထည့်သွင်းပြုစုပေးထားပါသည်။ ယင်းအချက်များကိုဂရုပြု၍ကြိုတင်လေ့လာပြီးမှသင်ကြားပေးကြရန်ဖြစ်သည်။